# တိုက်ပွဲအခြေအနေထုတ်ပြန်ကြေညာခြင်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့။

ယနေ့ စက်တင်ဘာလ (၂၉) ရက်နေ့ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအနီးတွင် မွန်းတည့် (၁၂း၀၀) နာရီမှ ညနေ (၁၇း၀၀) နာရီအထိ၊ အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် KNDF ၊ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်၏ အမြောက်တပ်များမှ လက်နက်ကြီးများဖြင့် တနေကုန်နီးပါး ယခုသတင်းထုတ်ပြန်ချိန်အထိ အဆက်မပြတ် ပစ်ခတ်လျက်ရှိပါသည်။

တနေကုန်နီးပါး တိုက်ပွဲပြင်းထန်ခဲ့ပြီ အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ (၃၀) ဦး ထိခိုက်သေဆုံးခဲ့ပြီး (၃၀) ဦးခန့်ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီ၏ လက်နက်အပြည့်တင်လာသော ကားတစ်စီးကို မိမိတို့ဘက်မှ တိုက်ခိုက်မီးရှို့ဖျက်စီးနိုင်ခဲ့ပါသည်။

မိမိတို့ဘက်တွင်လည်း ပြည်သူ့ကာကွယ်ရေးတပ်များမှ ရဲဘော် (၄) ဦး နှင့် KNDF ရဲဘော်တစ်ဦး (၁) ဦး ကျဆုံးခဲ့ပါသည်။ KNDF မှ ကျဆုံးသွားသော ရဲဘော်များအားလုံးကို ပြည်သူ့လွတ်မြောက်ရေး အာဇာနည်သူရဲကောင်းများအဖြစ် အသိအမှတ်ပြု သမိုင်းမှတ်တမ်းတင် အလေးပြုပါသည်။

ဖယ်ခုံမြို့ စစ်ကောင်စီ (၄၂၂)တပ်ရင်းအနီးရှိ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ ခေါင်းမိုင်းတောင်နှင့် မိုးဖြဲသဲတောင်စခန်းတို့ကို KNDF နှင့်ပြည်သူ့ကာကွယ်ရေးတပ်များမှ တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်စစ်ကောင်စီများမှ တပ်ဆုတ်ထွက်ပြေးခဲ့ရပါသည်။ အကြမ်းဖက် စစ်ကောင်စီတပ်များသည် ဖယ်ခုံ၊မိုးဖြဲလွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်များအတွင်းသို့ အကြမ်းဖက်ထိုးစစ်ဆင်လျက်ရှိပြီး၊ လက်နက်ကြီးပစ်ကူများဖြင့် ရမ်းသမ်းပစ်ခတ်ကာ ထိုမြို့နယ်များရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ခိုက်ဖျက်စီးလျက်ရှိသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ 09 755884041